ပြည်ထောင်စုလွှတ်တော်ရုံး

သုတေသနဌာန

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်

# စက်မှုဇုန်ဥပဒေကြမ်းစာတမ်းတို

## အကျဉ်းချုပ်

စက်မှုဇုန်ဥပဒေကြမ်းရေးဆွဲရခြင်းသည် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး နှင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဗဟိုကော်မတီ၊ ဒေသဆိုင်ရာကော်မတီများ၊ စီမံခန့်ခွဲရေး ကော်မတီများ ဖွဲ့စည်းနိုင်ရန်၊ စက်မှုဇုန်အသစ်များသတ်မှတ်ကြေငြာခြင်းနှင့် တည်ထောင်ရာတွင် လိုအပ်သည့် အချက်အလက်များအား စနစ်တကျသတ်မှတ်နိုင်ရန်၊စက်မှုဇုန်များအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ပြည့်စုံစေရန်နှင့် မြေ၊ ရေ နှင့် စွမ်းအင် အကျိုးရှိစွာ အသုံးချမှု၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင် မထိခိုက်စေရေး အတွက် မူဝါဒများချမှတ်နိုင်ရန်၊ စက်မှုဇုန်ပြင်ပ၌ လုပ်ကိုင်နေသောလုပ်ငန်းများ စက်မှုဇုန်သို့ ပြောင်းရွှေ့ လုပ်ကိုင်ရေးနှင့် စက်မှုဇုန်အတွင်း လုပ်ကိုင်သူများအား အခွင့်အရေးနှင့် သက်သာခွင့်များ ရရှိရေး အတွက် မူဝါဒများ ချမှတ်နိုင်ရန်အတွက်ဖြစ်ပါသည်။

ဒေသအလိုက် စက်မှုဇုန်အတွင်း စည်းကြပ်ကောက်ခံရမည့် အခွန်ခများ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို အတည်ပြု သတ်မှတ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း ထည့်သွင်းရေးဆွဲ ထားပါသည်။ ထို့အပြင် စက်မှုဇုန်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေထူထောင်ရန် စက်မှုဇုန် တည်ထောင်မည့် ရင်းနှီးတည်ဆောက်သူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ စက်မှုဇုန်အတွင်း လုပ်ငန်းလုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင့် ကင်းလွတ်ခွင့်များ၊ စက်မှုဇုန်မြေအဖြစ် အသုံးပြုခြင်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရင်းနှီးတည်ဆောက်သူမှ စီမံဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ တားမြစ်ချက်များနှင့် ပြစ်ဒဏ်များ၊ စက်မှုဇုန်ဥပဒေကြမ်းအပေါ် အမျိုးမျိုးသော အမြင်များကို အကျဉ်းချုပ်၍ ဤစာတမ်းတိုတွင် ရေးသားဖော်ပြထားပါသည်။

သုတေသနစာတမ်းတိုအမှတ် (၇၃)

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | နိဒါန်း | ၁ |
| ၁။ | စက်မှုဇုန်ဥပဒေကြမ်းကို ရေးဆွဲရခြင်း၏ နောက်ခံအကြောင်းအရာများ | ၁ |
| ၂။ | စက်မှုဇုန်ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ | ၂ |
| ၃။ | စက်မှုဇုန်ဥပဒေကြမ်းအပေါ် အမျိုးမျိုးသော အမြင်များ | ၁၃ |
| - | နိဂုံး | ၁၄ |

# စက်မှုဇုန်ဥပဒေကြမ်း

## နိဒါန်း

၁။ လက်ရှိအခြေအနေတွင် တည်ရှိပြီး စက်မှုဇုန်များအနေဖြင့် လမ်းတံတား၊ လျှပ်စစ်မီး အစရှိသည့် အခြေခံအဆောက်အဦများ ပြည့်စုံမှုမရှိခြင်း၊ သဘာဝနှင့် လူမှုပတ်ဝန်းကျင်ကို ဆိုးကျိုး သက်ရောက်စေခြင်းမှ ကာကွယ်နိုင်သည့် အစီအမံများ ပြည့်စုံလုံလောက်အောင်မရှိခြင်း၊ စက်မှုလုပ်ငန်းအမျိုးအစားများ အလိုက် နေရာချထားရန် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ စက်မှုဇုန်များအချင်းချင်းအကြား ကွန်ယက်ချိတ်ဆက်မှု အားနည်းခြင်းများနှင့် တွေ့ကြုံနေရပါသည်။[1]

## အခန်း(၁)

## စက်မှုဇုန်ဥပဒေကြမ်းကို ရေးဆွဲရခြင်း၏ နောက်ခံအကြောင်းအရာများ

၂။ လက်ရှိအခြေအနေတွင် တည်ရှိပြီး စက်မှုဇုန်များ၏ အားနည်းချက်များကို ပြုပြင်၍ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များနှင့်အညီ စနစ်တကျ ဖြစ်စေပြီး စက်မှုလုပ်ငန်းများကို စက်မှုဇုန်အတွင်းအခြေချလုပ်ကိုင်ဆောင်ရွက်လာစေရန် စက်မှုဇုန်သစ်များကို စနစ်တကျ စီမံထူထောင်ခြင်းဖြင့် စက်မှုလုပ်ငန်းများတွင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရန်ရည်ရွယ်၍ ရေးဆွဲခြင်း ဖြစ်ပါသည်။[2]

၃။ ထို့အပြင် စက်မှုဇုန်များအတွင်း ချိတ်ဆက်မှုရှိသည့်အမျိုးအစားတူ လုပ်ငန်းများအလိုက် နေရာချထားပေးခြင်းဖြင့် လုပ်ငန်းချင်းချိတ်ဆက်၍ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်အားကောင်းသည့် လုပ်ငန်းများ ဖြစ်လာစေရန်၊ စက်မှုလုပ်ငန်းများကြောင့် သဘာဝနှင့်လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုး သက်ရောက်မှုများ မဖြစ်ပေါ်စေရန်နှင့် လျော့နည်းစေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း တိုးမြင့်လာစေရန်အတွက် စနစ်ကျသည့် အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါ၍ စက်မှုဇုန်ဥပဒေကြမ်းကို ရေးဆွဲရခြင်း ဖြစ်ပါသည်။[3]

၄။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တင်သွင်းသော စက်မှုဇုန်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးရန် ပြည်ထောင်စုလွှတ်တော်မှ ၃-၅-၂၀၁၉ ရက်တွင် ပေးပို့ခဲ့ပါသည်။ စက်မှုဇုန်ဥပဒေကြမ်းကို ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြထားပါသည်။[4]

---

[1] စက်မှုဇုန်ဥပဒေကြမ်းရေးဆွဲရခြင်း၏ရည်ရွယ်ချက်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ၊ပြည်သူ့လွှတ်တော်

[2] Ibid

[3] Ibid

[4] စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃-၅-၂၀၁၉၊ စာ-၁၆။

## အခန်း(၂)

## စက်မှုဇုန်ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ

၅။ စက်မှုဇုန်ဥပဒေကြမ်းတွင်အခန်း (၂၀)ခန်း၊ အပိုဒ် (၈၀) ခုနှင့် အပိုဒ်ခွဲ (၁၂၉)ခု ပါဝင်ပါသည်။ **အခန်း(၁)၊ အမည် နှင့် အဓိပ္ပာယ်ဖော်ပြချက်** အခန်း၌ အပိုဒ် ၂ ခု ၊ အပိုဒ်ခွဲ (၁၁) ခု ပါဝင်ပါသည်။ အပိုဒ် ၂ (ဂ) တွင် တာဝန်ခံဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ စက်မှုဝန်ကြီးဌာနကို ဆိုသည်။ အပိုဒ် ၂ (ဃ)တွင် ပြည်ထောင်စုဝန်ကြီးဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ စက်မှုဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးကိုဆိုသည်။ အပိုဒ် ၂ (င) တွင် စက်မှုဇုန်ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ စက်မှုဇုန်အဖြစ် နယ်နမိတ်ပိုင်းခြား သတ်မှတ်တည်ထောင်သည့် ဇုန်မြေနေရာကို ဆိုသည်။[5]

၆။ အပိုဒ် ၂ (ည) တွင် ရင်းနှီးတည်ဆောက်သူဆိုသည်မှာ စက်မှုဇုန်ထူထောင်တည်ဆောက်သည့် လုပ်ငန်း၊ စက်မှုဇုန်အတွင်း အခြေခံအဆောက်အဦ တည်ဆောက်သည့် လုပ်ငန်းနှင့် လုပ်ငန်းလည်ပတ်ခြင်း သို့မဟုတ် မွမ်းမံထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ကိစ္စရပ်တစ်ခုချင်းအလိုက်တာဝန်ယူ ဆောင်ရွက်သည့် ကုမ္ပဏီ၊ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။[6]

၇။ အပိုဒ် ၂ (ဠ) တွင် ရင်းနှီးမြှုပ်နှံသူ ဆိုသည်မှာ ဒေသဆိုင်ရာ ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ဆောင်ရွက်သည့် နိုင်ငံသားကို သော်လည်းကောင်း၊ နိုင်ငံခြားသားကိုသော်လည်းကောင်း၊ ဖက်စပ်လုပ်ငန်းထူထောင်သည့် နိုင်ငံသားနှင့် နိုင်ငံခြားသားတို့ကို လည်းကောင်းဆိုသည် ဟုဖော်ပြထားပါသည်။[7]

၈။ **အခန်း(၂)၊ ရည်ရွယ်ချက်များ**အခန်းတွင် အပိုဒ် ၁ ခု နှင့် အပိုဒ်ခွဲ ၆ ခု ပါရှိပါသည်။ အပိုဒ် ၃ တွင် ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အောက်ပါ အတိုင်းဖော်ပြထားပါသည်-

(က) စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

( ခ ) စက်မှုဇုန်များကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များ နှင့်အညီ စနစ်တကျ စီမံထူထောင်၍ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စေရန်၊

---

[5] အပိုဒ် ၂ (ဂ)၊ အခန်း(၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ရက်စွဲ ၃-၅-၂၀၁၉ စာ-၁၆။
[6] အပိုဒ် ၂(ည)၊ အခန်း(၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ရက်စွဲ ၃-၅-၂၀၁၉ စာ-၁၆။
[7] အပိုဒ် ၂ (ဠ)၊ အခန်း(၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ရက်စွဲ ၃-၅-၂၀၁၉ စာ-၁၆။

(ဂ) ကုန်ထုတ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၏ လိုအပ်ချက်များကို ပြည့်စုံစွာစီမံဆောင်ရွက်ခြင်းဖြင့် စက်မှုဇုန်များအတွင်း လုပ်ငန်းချိတ်ဆက်မှု အားကောင်း၍ ဈေးကွက်အရ ယှဉ်ပြိုင်နိုင်သော စက်မှုလုပ်ငန်းများဖြစ်လာစေရန်၊

(ဃ) စက်မှုလုပ်ငန်းများကို စက်မှုဇုန်အတွင်း အခြေချလုပ်ကိုင်ဆောင်ရွက်လာစေရန်နှင့် စက်မှုလုပ်ငန်းများကြောင့် သဘာဝနှင့်လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေရေး၊ လျော့နည်းစေရေးအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်စေရန်၊

(င) စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း တိုးမြင့်လာစေပြီး နိုင်ငံသားများ၏ လူနေမှုအဆင့်မြင့်မားလာစေရန်နှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျော့နည်းစေရန်၊

(စ) စက်မှုဇုန်များ၏ ကွန်ယက်ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်၊ စက်မှုဇုန်အတွင်း လိုအပ်ချက်များ ဖြည့်ဆည်းရန်နှင့် တာဝန်ယူ၊တာဝန်ခံမှုစနစ် ထွန်းကားလာစေရန်။[8]

၉။ **အခန်း (၃) ၊ ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ** အခန်းတွင် အပိုဒ် ၂ ခု နှင့်အပိုဒ်ခွဲ ၉ ခု ပါရှိပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ် သတ်မှတ်ပေးပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ အပါအဝင် ၁၅ ဦးထက် မပိုသည့် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းနိုင်ပါသည်။ ဗဟိုကော်မတီအနေနှင့် မူဝါဒချမှတ်ခြင်း၊ စက်မှုဇုန်တည်ထောင်ရေး နှင့်စပ်လျဉ်းပြီး သဘောထားမှတ်ချက်ပေးခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြခြင်း၊ ဒေသဆိုင်ရာ ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများလုပ်ဆောင်ရပါသည်။[9]

၁၀။ အပိုဒ် ၅ တွင် ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေး အတွက်မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) စက်မှုဇုန်တည်ထောင်ရေးအတွက် တင်ပြလာသော အဆိုပြုချက်၊ သင့်လျော်သည့် နေရာ၊ လိုအပ်သည့်နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်၊ စီးပွားရေး ဆောင်ရွက်ရန် အခြေခံလိုအပ်ချက်များ ရရှိနိုင်မှုအခြေအနေနှင့် စီးပွားရေး တိုးတက်နိုင်မှု အလားအလာတို့ကို စိစစ်သုံးသပ်လျက် သဘောထားမှတ်ချက်များ နှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ သဘောတူညီချက်ရယူခြင်း၊

[8] အပိုဒ် (၃)၊ အခန်း (၂)၊ ရည်ရွယ်ချက်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊၃-၅-၂၀၁၉၊ စာ-၁၆။
[9] အပိုဒ် (၄)၊ အခန်း(၃)၊ ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ မြန်မာ့အလင်း၊၃-၅-၂၀၁၉၊ စာ-၁၆။

( ဂ ) ဒေသဆိုင်ရာ ကော်မတီများ ဖွဲ့စည်းခြင်း၊

(ဃ) ဒေသဆိုင်ရာကော်မတီမှ တင်ပြလာသော စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများ၊ ရင်းနှီး တည်ဆောက်သူများအား စည်းကြပ်ကောက်ခံရမည့် အခွန်အခများ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခများကိုအတည်ပြုသတ်မှတ်ခြင်း၊

( င ) ဒေသဆိုင်ရာကော်မတီမှ တင်ပြလာသည့် စက်မှုဇုန်တည်ဆောက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆိုင်ရာ အဆိုပြုချက်များ၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ၊ မူဝါဒဆိုင်ရာနှင့်အခြားကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် လမ်းညွှန်ခြင်း၊

( စ ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦများနှင့် လိုအပ်သော အထောက်အပံ့များ စီစဉ်ဆောင်ရွက်ခြင်း။[10]

၁၁။ **အခန်း(၄)၊ ဒေသဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ** အခန်းတွင် အပိုဒ် ၂ ခု နှင့် အပိုဒ်ခွဲ ၁၉ ခု ပါဝင်ပါသည်။ ဒေသဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များတွင် ဒေသဆိုင်ရာစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေး ကော်မတီများ ဖွဲ့စည်းရာတွင် ပြည်ထောင်စု နယ်မြေဖြစ်သည့် နေပြည်တော်တွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက နာယက၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဝန်ကြီးချုပ်က နာယက ဖြစ်ပါသည်။ ဒေသဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် နေပြည်တော်တွင် နေပြည်တော်ကောင်စီဝန်က ဥက္ကဋ္ဌ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ်ဝန်ကြီးတစ်ဦးဦးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူရပါသည်။ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာ စက်မှုဇုန်အလိုက် စီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌများထဲမှ အများဆုံး ၅ ဦးအပါအဝင် စုစုပေါင်း ၁၅ ဦးနှင့် ဒေသဆိုင်ရာကော်မတီကို ဖွဲ့စည်းနိုင်ပါသည်။ ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။[11]

၁၂။ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များတွင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် စက်မှုဇုန်ရင်းနှီးတည်ဆောက်လိုသူ၊ အဆိုပြုချက်များကို စိစစ်သုံးသပ်ပြီး ဗဟိုကော်မတီကို တင်ပြခြင်း၊ စက်မှုဇုန်ပြင်ပတွင် လုပ်ဆောင်နေသည့် စက်မှုလုပ်ငန်းများကို စက်မှုဇုန်အတွင်းလုပ်ကိုင်စေရန် ကြပ်မတ်ခြင်း၊ စက်မှုဇုန်အတွင်းလုပ်ကိုင်သူများ၏ အခွင့်အရေး နှင့် သက်သာခွင့်များအတွက် လိုအပ်ပါက ဗဟိုကော်မတီကို တင်ပြဆောင်ရွက်ခြင်း၊ စက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံမည့်သူများ၏ လုပ်ကိုင်ခွင့်လျှောက်ထားလာမှုကို စိစစ်ခွင့်ပြုပေးခြင်းနှင့် စက်မှုဇုန် အကောင်အထည်ဖော်မှု အခြေအနေများကို ၆ လ တစ်ကြိမ် ဗဟိုကော်မတီသို့ အစီရင်ခံရပါသည်။ [12]

---

[10] အပိုဒ် (၅)၊ အခန်း(၃)၊ ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ မြန်မာ့အလင်း၊ ၃-၅-၂၀၁၉၊ စာ -၁၆။

[11] အပိုဒ် (၆)၊ အခန်း(၄)၊ ဒေသဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ မြန်မာ့အလင်း၊ ၃-၅-၂၀၁၉၊ စာ -၁၆။

[12] အပိုဒ် (၇) အခန်း(၄)၊ ဒေသဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ စက်မှုဇုန်ဥပဒေကြမ်း မြန်မာ့အလင်း၊၃-၅-၂၀၁၉ စာ -၁၆။

၁၃။ ထို့အပြင် စည်းကြပ်ကောက်ခံရမည့် အခွန်အခ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို သတ်မှတ်ထုတ်ပြန် ကြေညာနိုင်ရန်အတွက် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ ကောက်ခံရမည်။[13]

၁၄။ **အခန်း(၅)၊ စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ** အခန်းတွင် အပိုဒ် ၄ ခု နှင့် အပိုဒ်ခွဲ ၁၈ ခု ပါရှိပါသည်။ သက်ဆိုင်ရာ စက်မှုဇုန်အလိုက် စက်မှုဇုန်လုပ်ငန်းရှင်များမှ ရွေးချယ်သည့် ရင်းနှီးမြှုပ်နှံသူ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားအစိုးရတာဝန်ရှိသူများ အပါအဝင် အနည်းဆုံး (၁၅) ဦးမှ အများဆုံး (၂၁)ဦးအထိ ပါဝင်သည့် စီမံခန့်ခွဲရေးကော်မတီများကို ဒေသဆိုင်ရာကော်မတီ မှ ဖွဲ့စည်းပေးနိုင်ပါသည်။ စီမံခန့်ခွဲရေး ကော်မတီ၏ သက်တမ်းမှာ (၅)နှစ် ဖြစ်ပြီး ရွေးကောက်ခံကော်မတီဝင်များသည် ကော်မတီဝင်အဖြစ် တစ်ဆက်တည်း (၂)ကြိမ်သာ တာဝန်ထမ်းဆောင်နိုင်ပါသည်။ စီမံခန့်ခွဲရေးကော်မတီသည် ဒေသဆိုင်ရာ ကော်မတီကို တာဝန်ခံရမည်ဖြစ်ပြီး စက်မှုဇုန်ဖွံ့ဖြိုးရေးအတွက် စီမံကိန်းရေးဆွဲတင်ပြခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို ဒေသဆိုင်ရာကော်မတီ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ကြေညာခြင်း နှင့် စက်မှုဇုန်ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေ ကောက်ခံခြင်း စသည်တို့ လုပ်ဆောင်ရပါသည်။ [14]

၁၅။ **အခန်း(၆)၊ စက်မှုဇုန်သတ်မှတ်ကြေညာခြင်း** အခန်းတွင် အပိုဒ်၂ ခု နှင့် အပိုဒ်ခွဲ ၄ ခု ပါရှိပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် စက်မှုဇုန်တည်ထောင်ရာတွင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အဆိုပြုချက်ကို ဗဟိုကော်မတီမှ သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း ရှိ/ မရှိ စိစစ်ပြီး ငြင်းပယ်ခြင်းနှင့် အတည်ပြုခြင်းပြုလုပ်ရမည်။ အတည်ပြုပြီးပါက တည်နေရာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်အပိုင်းအခြားကို စက်မှုဇုန်တည်ထောင်မည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည် ဖြစ်ပါသည်။ စက်မှုဇုန်ဥပဒေကြမ်းကို ဥပဒေအဖြစ်အတည်ပြု ပြဋ္ဌာန်းပြီးပါက ဥပဒေမပြဋ္ဌာန်းမီ ကာလတွင် ရှိခဲ့သော စက်မှုဇုန်များကို အမျိုးအစား၊ အဆင့်အတန်း ခွဲခြားသတ်မှတ်၍ စက်မှုဇုန်အဖြစ် ကြေညာရမည် ဖြစ်ပါသည်။ စက်မှုဇုန်နယ်မြေကိုလည်း စက်မှု လုပ်ငန်းများနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများမှ အပ အခြားနည်းအသုံးပြုခွင့်မရှိစေရန် လိုအပ်သည့်အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ပေးရမည် ဖြစ်ပါသည်။[15] အပိုဒ် ၁၃ တွင် ဒေသ

[13] အပိုဒ်(၇)(ဇ)၊ အခန်း(၄)၊ ဒေသဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ၊ စက်မှုဇုန်ဥပဒေကြမ်း မြန်မာ့အလင်း၊၃-၅- ၂၀၁၉ ၊ စာ -၁၆။

[14] အပိုဒ်(၈)၊ အခန်း(၅)၊ စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ စက်မှုဇုန်ဥပဒေကြမ်း မြန်မာ့အလင်း၊၃-၅- ၂၀၁၉ စာ -၁၆။

[15] အပိုဒ်(၁၂)၊ အခန်း(၆) စက်မှုဇုန်သတ်မှတ်ကြေညာခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၄-၅-၂၀၁၉၊ စာ-၁၆။

ဆိုင်ရာ ကော်မတီသည် စက်မှုဇုန်တည်ထောင်ရန် သတ်မှတ်ကြေညာပြီးဖြစ်သော တည်နေရာရှိ မြေများကို စက်မှုဇုန်မြေအဖြစ် ဖော်ဆောင်နိုင်ရေး အတွက် သက်ဆိုင်ရာဌာနများက စက်မှုဇုန် ဧရိယာနယ်နိမိတ်အား တိကျစွာ သတ်မှတ်ဖော်ပြခြင်း၊ မြေပုံထုတ်ပေးခြင်းနှင့် တည်ဆဲဥပဒေများ နှင့်အညီ ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ရမည်ဟု ဖော်ပြထားပါသည်။[16]

၁၆။ **အခန်း(၇)စက်မှုဇုန်တည်ထောင်ခြင်း** အခန်းတွင် အပိုဒ် ၄ ခု နှင့် အပိုဒ်ခွဲ ၁၂ ခု ပါရှိပါသည်။ စက်မှုဇုန်တည်ထောင်ရန်အတွက် ဒေသဆိုင်ရာကော်မတီ၏ အဆိုပြုတင်ပြချက်ကို စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စက်မှုဇုန်အသစ်များကို တည်ထောင်ရန် ဗဟိုကော်မတီသည် အောက်ပါအခြေခံအချက်များကို မူတည်၍ ဆောင်ရွက်နိုင်သည်-

(က) ပြည်ထောင်အစိုးရအဖွဲ့က ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေးချယ်သတ်မှတ်သည့် နယ်မြေဖြစ်ခြင်း၊

( ခ ) စက်မှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရန် လုံလောက်သော မြေနေရာ ရှိခြင်း နှင့် လိုအပ်သောအခြေခံဆောက်အဦ (Infrastructure) များ ပါဝင်သည့် စက်မှုဇုန်အကောင်အထည်ဖော်ရေး ပင်မစီမံကိန်း (Master Plan) ကို ဆောင်ရွက်နိုင်ခြင်း၊

( ဂ ) ဆိပ်ကမ်း၊ လေယာဉ်ကွင်းကဲ့သို့ နိုင်ငံတကာထွက်ပေါက်ရှိခြင်း သို့မဟုတ် အပြည်ပြည် ဆိုင်ရာ နယ်စပ်ဆက်သွယ်ရေးလမ်းကြောင်း သို့မဟုတ် ပြည်တွင်းဈေးကွက်များကို အလွယ်တကူ သွားလာဆက်သွယ်နိုင်ခြင်း၊

(ဃ) စက်မှုကုန်ကြမ်းများ၊ အရင်းအမြစ်များနှင့် အခြေခံထုတ်ကုန်များ ပြည့်စုံ လုံလောက်စွာ ရရှိနိုင်ခြင်း၊

( င ) ကျွမ်းကျင်အလုပ်သမားများ၊ ကျွမ်းကျင်မှုအထိုက်အလျောက်ရှိသည့် အလုပ်သမားများ နှင့် သင်ကြားလေ့ကျင့် ပျိုးထောင်ပေးနိုင်သော အလုပ်သမားများရရှိနိုင်ခြင်း၊

( စ ) လိုအပ်သော ကျွမ်းကျင်အလုပ်သမားများ ရရှိနိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့်ပေးရန် စီစဉ်ဆောင်ရွက်နိုင်ခြင်း။[17]

၁၇။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်ရင်းနှီးတည်ဆောက်သူကို ရွေးချယ်ရာတွင် တည်ဆဲ ဥပဒေများ၊ တင်ဒါလုပ်ထုံးလုပ်နည်းများ နှင့်အညီ ရွေးချယ်ရမည်ဖြစ်ပါသည်။ ရင်းနှီးတည်ဆောက်သူကို တင်ဒါစနစ်ဖြင့် ရွေးချယ်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအား အကျိုးရှိစေနိုင်မှု၊ စီမံကိန်းကို

[16] အပိုဒ်(၁၃)၊ အခန်း(၆) စက်မှုဇုန်သတ်မှတ်ကြေညာခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၄-၅-၂၀၁၉၊ စာ-၁၆။
[17] အပိုဒ် ၁၄၊ အခန်း(၇)၊ စက်မှုဇုန်တည်ထောင်ခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊မြန်မာ့အလင်း ၄-၅-၂၀၁၉၊ စာ-၁၆။

လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် စက်မှုဇုန်လုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်စွမ်းရှိမှုတို့ကို အဓိကထည့်သွင်းစဉ်းစား၍ ဦးစားပေးရွေးချယ်နိုင်သည်။[18] စက်မှုဇုန် တည်ထောင်ရာတွင် အောက်ပါ မြေအသုံးချမှု အင်္ဂါရပ်များနှင့် ရာခိုင်နှုန်းအချိုးအစားအတိုင်း ပါဝင်ရမည်-

(က) စက်မှုလုပ်ငန်းနယ်မြေ (Industrial Area) အတွက် ၆၀ ရာခိုင်နှုန်း မှ ၇၀ ရာခိုင်နှုန်းအထိ၊

( ခ ) ကုန်သွယ်မှုနယ်မြေ (Commercial Area) အတွက် ၁ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ၊

( ဂ ) စက်မှုဇုန်ဝန်ဆောင်မှုနှင့် အထောက်အကူပြုအသုံးချနယ်မြေ (Public Utilities and Assistant Area) အတွက် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ၊

(ဃ) စိမ်းလန်းနယ်မြေ (Green Belt) အတွက် ၉ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ။[19]

၁၈။ **အခန်း(၈)၊ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း** အခန်းတွင် အပိုဒ် ၅ ပိုဒ် ပါဝင်ပါသည်။ ဒေသဆိုင်ရာကော်မတီသည် နိုင်ငံတော်ထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပမှ အကူအညီရရှိငွေ၊ အခွန်အခ၊ မြေငှားခ၊ မြေအသုံးပြုခ၊ အခြားရငွေများနှင့် ရန်ပုံငွေ ထူထောင်ထားရှိရမည်။ အလားတူစွာပင် စီမံခန့်ခွဲရေးကော်မတီသည် လုပ်ငန်းရှင်များ၏ အချိုးကျထည့်ဝင်ငွေ၊ ဒဏ်ကြေးငွေ နှင့် အခြားရငွေများဖြင့် ရန်ပုံငွေထူထောင်နိုင်ပြီး ဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်ဖြင့် ရန်ပုံငွေ ထူထောင်ထိန်းသိမ်းရေးနှင့် သုံးစွဲရေး ဆပ်ကော်မတီများကို ဖွဲ့စည်းနိုင်သည်။[20] အပိုဒ် ၂၂ တွင် စီမံခန့်ခွဲရေးကော်မတီရုံးအဖွဲ့၏ အုပ်ချုပ်ရေးမှုုနှင့် ဝန်ထမ်းများအတွက် လစာနှင့်စရိတ်များကို ရန်ပုံငွေမှကျခံသုံးစွဲရမည်ဟု ဖော်ပြထား ပါသည်။[21]

၁၉။ **အခန်း(၉)၊ရင်းနှီးတည်ဆောက်သူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ** အခန်းတွင် အပိုဒ် ၃ ခု နှင့် အပိုဒ်ခွဲ ၁၀ ခု ပါရှိပါသည်။ ရင်းနှီးတည်ဆောက်သူသည် တည်ဆောက်မှု လုပ်ငန်းအဆိုပြုချက်များကို ဒေသဆိုင်ရာ ကော်မတီမှ တစ်ဆင့် ဗဟိုကော်မတီ၏ အတည်ပြုချက် ရယူရမည်ဖြစ်ပါသည်။ [22]

၂၀။ ဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်နှင့် စက်မှုဇုန်လုပ်ငန်း အကောင်အထည်ဖော်ခြင်း၊ ထပ်ဆင့် မြေအငှားချခြင်းနှင့် အခြေခံအဆောက်အဦ တည်ဆောက်ခြင်းတို့ကို ပြုလုပ်နိုင်ပြီး စက်မှုဇုန် မွမ်းမံ ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို စီမံခန့်ခွဲရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ကိုင်နိုင်

---

[18] အပိုဒ်၁၅၊ အခန်း(၇)၊ စက်မှုဇုန်တည်ထောင်ခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊မြန်မာ့အလင်း ၄-၅-၂၀၁၉၊ စာ-၁၆။

[19] အပိုဒ် ၁၆၊ အခန်း(၇)၊ စက်မှုဇုန်တည်ထောင်ခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း ၄-၅-၂၀၁၉-စာ-၁၆

[20] အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ ၊ အခန်း (၈) ၊ ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၄-၅-၂၀၁၉-စာ-၁၆

[21] အပိုဒ် ၂၂၊ အခန်း(၈)၊ ရန်ပုံငွေထူထောင်ခြင်းနှင့်သုံးစွဲခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၄-၅-၂၀၁၉၊ စာ-၁၆။

[22] အပိုဒ် ၂၃၊ အခန်း (၉)၊ ရင်းနှီးတည်ဆောက်သူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၄-၅-၂၀၁၉၊ စာ-၁၆ ။

ပါသည်။ တည်ဆောက်ရေး စီမံကိန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည် ဖြစ်ပြီး မပြီးစီးခဲ့ပါက ခိုင်လုံသည့် အကြောင်းပြချက်များကို ဒေသဆိုင်ရာ ကော်မတီ၏ သဘောထား မှတ်ချက်နှင့် အတူ ဗဟို ကော်မတီကို တင်ပြပြီး အဆုံးအဖြတ်ရယူရမည်ဖြစ်ပါသည်။[23]

၂၁။ အပိုဒ် ၂၅ တွင် ရင်းနှီးတည်ဆောက်သူသည် သက်ဆိုင်ရာ ဥပဒေ၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအရ အထူးကိစ္စရပ်အဖြစ်ခွင့်ပြုသည့် ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို ခံစားခွင့် ရှိသည်။[24]

၂၂။ **အခန်း (၁၀) ၊ ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင့် ကင်းလွတ်ခွင့်များ** အခန်းတွင် အပိုဒ် ၉ ခု နှင့် အပိုဒ်ခွဲ ၁၁ ခု ပါရှိပါသည်။ ရင်းနှီးမြှုပ်နှံသူသည် စက်မှုဇုန်အတွင်း ကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးမှု၊ ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်မှု၊ လမ်းထိန်းသိမ်းမှုများကို လုပ်ဆောင်နိုင်ပြီး ရင်းနှီးမြှုပ်နှံသူများသည် ရင်းနှီးတည်ဆောက်သူကဲ့သို့ပင် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ရှိပါသည်။[25] ရင်းနှီးမြှုပ်နှံသူသည် မိမိ၏လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ အစုရှယ်ယာအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ လွှဲပြောင်းသည့်အခါ သက်ဆိုင်ရာဌာနများနှင့် စီမံခန့်ခွဲရေးကော်မတီအား အကြောင်းကြားပြီး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။[26] အပိုဒ် ၃၄ အရ ရင်းနှီးမြှုပ်နှံသူသည် ပြည်တွင်း၊ ပြည်ပဝန်ထမ်းများ ခန့်ထားမှု အခြေအနေ အရပ်ရပ်အား စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။[27]

၂၃။ **အခန်း(၁၁)၊ မြေအသုံးပြုခြင်း** အခန်းတွင် အပိုဒ် ၅ ခု နှင့် အပိုဒ်ခွဲ ၄ ခု ပါရှိပါသည်။ အပိုဒ် ၃၅ အရ ဒေသဆိုင်ရာ ကော်မတီသည် စက်မှုမြေအား စက်မှုကုန်ထုတ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား သတ်မှတ်ထားသည့် မြေငှားရမ်းခများကို ပေးသွင်းစေပြီး နှစ် ၅၀ အထိ ခွင့်ပြုနိုင်သည်။ ယင်းသက်တမ်းကုန်ဆုံး ပြီးနောက် ရင်းနှီးမြှုပ်နှံသူက ဆက်လက်လုပ်ကိုင်လိုလျှင် တစ်ဆက်တည်း ၁၀ နှစ်သက်တမ်းနှစ်ကြိမ် အထိ တိုးမြှင့်ပေးနိုင်သည်။[28] သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး နှင့် ပြည်နယ်

---

[23] အပိုဒ် ၂၄(က)၊(ခ)၊(ဂ)၊အခန်း (၉)၊ ရင်းနှီးတည်ဆောက်သူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၄-၅-၂၀၁၉၊ စာ-၁၆ ။

[24] အပိုဒ် ၂၅၊ အခန်း(၉)၊ ရင်းနှီးတည်ဆောက်သူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊မြန်မာ့အလင်း၊၄-၅-၂၀၁၉၊ စာ-၁၆။

[25] အပိုဒ်၂၆၊ အပိုဒ် ၂၉၊ အခန်း(၁၀)ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင့် ကင်းလွတ်ခွင့်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊မြန်မာ့အလင်း၊၄-၅-၂၀၁၉၊ စာ-၁၆။

[26] အပိုဒ် ၃၃၊ အခန်း(၁၀)၊ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင့် ကင်းလွတ်ခွင့်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊မြန်မာ့အလင်း၊၄-၅-၂၀၁၉၊ စာ-၁၆။

[27] အပိုဒ် ၃၄ ၊ အခန်း(၁၀)၊ရင်းနှီးမြှုပ်နှံသူ၏တာဝန်နှင့် ကင်းလွတ်ခွင့်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊မြန်မာ့အလင်း၊၄-၅-၂၀၁၉၊ စာ-၁၆။

[28] အပိုဒ် ၃၅၊ အခန်း (၁၁)၊ မြေအသုံးပြုခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၅-၅-၂၀၁၉၊ စာ၂၂။

အစိုးရအဖွဲ့သည် စက်မှုဇုန်သတ်မှတ်ကြေညာခြင်းမပြုမီ စက်မှုဇုန်ထူထောင်ရန် လျာထားသည့် မြေပေါ်တွင်ရှိသော လူနေအိမ်ခြေ၊ အဆောက်အဦ၊ လယ်ယာဥယျာဉ် ခြံမြေ၊ သီးပင်စားပင်နှင့် စိုက်ခင်းများကို ပြောင်းရွှေ့ခြင်း၊ နစ်နာကြေးပေးခြင်းနှင့် လျော်ကြေးပေးခြင်းများကို တည်ဆဲဥပဒေများနှင့် ဖြေရှင်းဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ [29] စက်မှုဇုန်အတွင်း ရယူထားပြီး လုပ်ကိုင်ခြင်း မပြုသော မြေကွက်များကို ဥပဒေပြဋ္ဌာန်းပြီး ၆ လအတွင်း လုပ်ငန်းစီမံချက်များတင်ပြ၍ အတည်ပြုချက်ရယူရမည်။ တင်ပြသော စီမံကိန်းများကို (၂)နှစ်အတွင်းပြီးစီးအောင် မလုပ်ကိုင်နိုင် ပါက ဒေသဆိုင်ရာ ကော်မတီက သတ်မှတ်သော မြေကာလ တန်ဖိုး၏ ၅၀% ဖြင့် ပြန်လည် သိမ်းဆည်း၍ အခြား လုပ်ငန်းရှင်များအား လွှဲပြောင်းပေးခြင်းကို ခံယူရမည်။[30] အပိုဒ် ၃၇ (ဃ)တွင် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရန် ခွင့်ပြုထားသည့် ကာလအတွင်း အခြားသူ သို့မဟုတ် အခြားအဖွဲ့အစည်းများသို့ မြေငှားရမ်းခြင်း၊ မြေအသုံးပြုခွင့်နှင့် အဆောက်အအုံများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း ပြုလုပ်လိုပါက သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ ဒေသဆိုင်ရာကော်မတီသို့ တင်ပြပြီး သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည် ဟု လည်း ဖော်ပြထားပါသည်။[31]

၂၄။ **အခန်း(၁၂)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံဆောင်ရွက်ခြင်း** အခန်းတွင် အပိုဒ် ၆ ခု ပါရှိပါသည်။ အပိုဒ် ၄၀ အရ စက်မှုဇုန် တည်ထောင်ရာတွင်လည်းကောင်း၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။[32] အပိုဒ် ၄၁ တွင် ရင်းနှီးတည်ဆောက်သူ သည် အသစ်တည်ထောင်မည့် စက်မှုဇုန်တွင် စက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်း များ ထိန်းသိမ်းခြင်း၊ သန့်စင်ခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ခြင်းအတွက် စုပေါင်းအသုံးပြု နိုင်ရန် လိုအပ်သည့် နည်းစနစ်နှင့် တည်ဆောက်မှုများကို တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ရမည် ဟု ဖော်ပြထားပါသည်။[33] အပိုဒ် ၄၂ တွင် ရင်းနှီးမြှုပ်နှံသူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေး စီမံခန့်ခွဲခြင်း၊ စွမ်းအင်စီမံခန့်ခွဲခြင်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည် ဟု ဖော်ပြထားပါသည်။ [34]

---

[29] အပိုဒ် ၃၆၊ အခန်း (၁၁)၊ မြေအသုံးပြုခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၅-၅-၂၀၁၉၊ စာ၂၂။

[30] အပိုဒ် ၃၇(ခ)၊ အခန်း (၁၁)၊ မြေအသုံးပြုခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၅-၅-၂၀၁၉၊ စာ၂၂။

[31] အပိုဒ် ၃၇(ဃ)၊ အခန်း(၁၁)၊မြေအသုံးပြုခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊၅-၅-၂၀၁၉၊ စာ-၂၂။

[32] အပိုဒ် ၄၀၊ အခန်း(၁၂)၊ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံဆောင်ရွက်ခြင်း၊စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊၅-၅-၂၀၁၉၊ စာ-၂၂။

[33] အပိုဒ် ၄၁၊ အခန်း(၁၂)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံဆောင်ရွက်ခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၅-၅-၂၀၁၉၊ စာ-၂၂။

[34] အပိုဒ် ၄၂၊ အခန်း (၁၂)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံဆောင်ရွက်ခြင်း၊စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၅-၅-၂၀၁၉၊ စာ-၂၂။

၂၅။ အပိုဒ် ၄၃ မှ အပိုဒ် ၄၅ ထိ တွင် စွန့်ပစ်ပစ္စည်းစနစ်တကျ စွန့်ပစ်ရန်နှင့် ကျခံရမည့် ကုန်ကျစရိတ်များကို ဖော်ပြထားပါသည်။ အပိုဒ် ၄၃ အရ တည်ထောင်ပြီး စက်မှုဇုန်များတွင် ဒေသဆိုင်ရာကော်မတီမှ ကြီးကြပ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်အလိုက်စီမံကိန်းချမှတ်ပြီး ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရမည်။[35] ရင်းနှီးမြှုပ်နှံသူများသည် စက်မှုဇုန်အတွင်း စုပေါင်းစနစ်နှင့် စွန့်ပစ်ပစ္စည်း ထိန်းသိမ်းသန့်စင်ပြီး ဘေးအန္တရာယ်ကင်းရှင်းအောင် စွန့်ပစ်မှုအတွက် ကုန်ကျစရိတ်များကို စွန့်ပစ်ပစ္စည်းထွက်ရှိမှု ပမာဏအလိုက် စီမံခန့်ခွဲရေးကော်မတီမှ သတ်မှတ်သည့်သင့်လျော်သောနှုန်းထားဖြင့် ကျခံရန်၊[36] စုပေါင်းစနစ်နှင့်စွန့်ပစ်ပစ္စည်း ထိန်းသိမ်းပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်မှုနည်းစနစ်ကို အသုံးပြုနိုင်ခြင်းမရှိသည့် တည်ထောင်ပြီး စက်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံသူများက ကိုယ်ပိုင်အစီအစဉ်ဖြင့် စွန့်ပစ်ပစ္စည်းထိန်းသိမ်းသန့်စင်ပြီး ဘေးအန္တရာယ်ကင်းရှင်းအောင် စွန့်ပစ်မှုစနစ်ကို တည်ဆောက် တပ်ဆင်အသုံးပြုရမည်။[37]

၂၆။ **အခန်း (၁၃)၊ ပေးချေငွေများအပေါ် ဝင်ငွေခွန်ကောက်ခံခြင်း** အခန်း တွင် အပိုဒ် ၂ ခု ပါ ရှိပါသည်။ **အခန်း(၁၄)၊ စက်မှုဇုန်လုပ်ငန်းများအား အခွင့်အရေး ခံစားခွင့်ပြုခြင်း** အခန်းတွင် အပိုဒ် ၃ ခု နှင့် အပိုဒ်ခွဲ ၅ ခု ပါရှိပါသည်။ အပိုဒ် ၅၀ အရ ဗဟိုကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းများအား အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး အထူးခံစားခွင့်များကို ကာလအပိုင်းအခြားသတ်မှတ်၍ ခွင့်ပြုနိုင်သည်-

(က) ဖွံ့ဖြိုးမှုအားနည်းသော အရပ်ဒေသများရှိ စက်မှုဇုန်ရင်းနှီးတည်ဆောက်မှု လုပ်ငန်းများ နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

( ခ ) အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် အရပ်ဒေသများ၌ အလုပ်အကိုင် အခွင့်အလမ်း အများအပြားပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

( ဂ ) စိုက်ပျိုးမွေးမြူရေးအခြေခံထွက်ကုန်ပစ္စည်းများအားတန်ဖိုးမြှင့် ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်နိုင်စွမ်း ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) အရည်အသွေးပြည့်မီသည့် လယ်ယာသုံး စက်ပစ္စည်းကိရိယာအမျိုးမျိုး ထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

( င ) တန်ဖိုးမြှင့်တင်လျက် နိုင်ငံခြားတင်ပို့ခြင်းလုပ်ငန်းများ၊ တီထွင်ဆန်းသစ်မှုဖြင့် ဖန်တီးထုတ်လုပ် ထားသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ။[38]

---

[35] အပိုဒ် ၄၃၊ အခန်း (၁၂)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံဆောင်ရွက်ခြင်း၊စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၅-၅-၂၀၁၉၊ စာ-၂၂။
[36] အပိုဒ် ၄၄၊ အခန်း (၁၂)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံဆောင်ရွက်ခြင်း၊စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၅-၅-၂၀၁၉၊ စာ-၂၂။
[37] အပိုဒ်၄၅၊ အခန်း (၁၂)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံဆောင်ရွက်ခြင်း၊စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၅-၅-၂၀၁၉၊ စာ-၂၂။
[38] အပိုဒ် ၅၀၊ အခန်း(၁၄)၊ စက်မှုဇုန်လုပ်ငန်းများအား အခွင့်အရေးခံစားခွင့်ပြုခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ စာ-၂၂။

၂၇။ **အခန်း (၁၅)၊ စက်မှုဇုန်များအား အောင်မြင်စွာ လည်ပတ်လုပ်ကိုင်နိုင်ရန် စီမံဆောင်ရွက်ခြင်း** အခန်းတွင် အပိုဒ် ၃ ပိုဒ်နှင့်အပိုဒ် ခွဲ ၁၂ ခုပါရှိပါသည်။[39]

၂၈။ **အခန်း(၁၆)၊ စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း** အခန်းတွင် အပိုဒ် ၂ ခု ၊ အပိုဒ်ခွဲ ၂ ခုပါရှိပါသည်။ အပိုဒ် ၅၄ တွင် စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လျှင် စီမံခန့်ခွဲရေးကော်မတီက အငြင်းပွားသူ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အကြား ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရမည်ဟုဖော်ပြထားပါသည်။[40] အပိုဒ် ၅၄ အရ ဖြေရှင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရှိပါက ဒေသဆိုင်ရာကော်မတီသို့တင်ပြ၍ အငြင်းပွားမှုများကို ဆက်လက်ဖြေရှင်း ဆောင်ရွက်ခြင်း၊ ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်ခြင်းကို ပြုလုပ်နိုင်သည်။[41]

၂၉။ **အခန်း(၁၇)၊ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်း** အခန်းတွင် အပိုဒ် ၃ ခု၊ အပိုဒ်ခွဲ ၃ ခု ပါရှိပါသည်။ မည်သူမဆို ဥပဒေအရ သက်ဆိုင်ရာကော်မတီ အသီးသီးမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက စာဖြင့်သတိပေးခြင်း၊ သတ်မှတ်ထားသော ဒဏ်ငွေပေးဆောင်စေခြင်း၊ လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း စသည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရနိုင်ပါသည်။[42] ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် ပြစ်ဒဏ်ကို ကျေနပ်မှု မရှိပါက ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဒေသဆိုင်ရာ ကော်မတီသို့ အယူခံ ဝင်ရောက်နိုင်ပါသည်။[43] ဒေသဆိုင်ရာ ကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်။[44]

၃၀။ **အခန်း(၁၈)၊ တားမြစ်ချက်** အခန်းတွင် အပိုဒ် ၇ ခု ပါရှိပြီး **အခန်း(၁၉)၊ ပြစ်ဒဏ်များ** အခန်းတွင် အပိုဒ် ၆ ခု ပါ ရှိပါသည်။ အပိုဒ် ၅၉ ၌ မည်သူမျှ စက်မှုဇုန်အတွင်း ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦ ဆောက်လုပ်နေထိုင်ခြင်း မပြုရ။[45] အပိုဒ် ၆၈ တွင် မည်သူမဆို အပိုဒ် ၅၉ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်

---

[39] စက်မှုဇုန်ဥပဒေကြမ်း၊မြန်မာ့အလင်း၊ ၅-၅-၂၀၁၉၊ စာ-၂၂

[40] အပိုဒ် ၅၄၊ အခန်း (၁၆)၊ စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း၊ မြန်မာ့အလင်း၊ ၅-၅-၂၀၁၉၊ စာ-၂၂။

[41] အပိုဒ် ၅၅၊ အခန်း(၁၆)၊ စက်မှုဇုန် စီမံခန့်ခွဲရေးဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း၊ မြန်မာ့အလင်း၊ ၅-၅-၂၀၁၉၊ စာ-၂၂။

[42] အပိုဒ် ၅၆၊ အခန်း(၁၇)၊ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့်အယူခံခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊၅-၅-၂၀၁၉၊ စာ- ၂၂။

[43] အပိုဒ် ၅၇၊ အခန်း(၁၇)၊ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့်အယူခံခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊၅-၅-၂၀၁၉၊ စာ- ၂၂။

[44] အပိုဒ် ၅၈၊ အခန်း(၁၇)၊ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့်အယူခံခြင်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊၅-၅-၂၀၁၉၊ စာ- ၂၂။

[45] အပိုဒ် ၅၉၊ အခန်း(၁၈)၊ တားမြစ်ချက်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊၅-၅-၂၀၁၉၊ စာ- ၂၂။

မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟု ဖော်ပြထားပါသည်။[46] အပိုဒ် ၆ဝ တွင် မည်သူမျှ စက်မှုဇုန်အတွင်း စွန့်ပစ် ပစ္စည်းများကို စနစ်တကျမရှိသည့် နည်းလမ်းဖြင့် စွန့်ပစ်ခြင်း၊ ရေဆိုးမြောင်းများကို ကျူးကျော် ပိတ်ဆို့ခြင်း၊ ကုန်ကြမ်းနှင့်လောင်စာများအား စနစ်တကျ မရှိသော နည်းလမ်းဖြင့် ထားသိုခြင်း၊ အများပိုင်လမ်းမများပေါ်သို့ မည်သူမျှ ကျူးကျော်ခြင်းမပြုရ[47] အပိုဒ် ၆၁ တွင် မည်သည့်ရင်းနှီးမြှုပ်နှံသူမျှ စီမံခန့်ခွဲရေးကော်မတီမှ သတ်မှတ်သည့် ရန်ပုံငွေထည့်ဝင်ရန် ပျက်ကွက်ခြင်း၊ မိမိပတ်ဝန်းကျင် သန့်ရှင်းရေးကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မပြုရ [48]နှင့် အပိုဒ် ၆၄ တွင် မည်သူမျှ စက်မှုဇုန်နယ်နမိတ်အတွင်း လုပ်ကိုင်ခွင့်ရ ရင်းနှီးမြှုပ်နှံသူ၏ အကျိုးစီးပွားကို လည်းကောင်း၊ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို လည်းကောင်း ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် နှောင့်ယှက်ဖျက်စီးခြင်းမပြုရဟု ဖော်ပြထားပါသည်။ [49]အပိုဒ် ၆၉ အရ ပြစ်ဒဏ်များအခန်းတွင် မည်သူမဆို အပိုဒ် ၆ဝ၊ ၆၁ နှင့် ၆၄ ပါ တားမြစ်ချက် တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ် ချမှတ်နိုင်သည်။ [50]

၃၁။ အပိုဒ် ၆၂ တွင် မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ ဇုန်အလိုက် သတ်မှတ်ထားသော ခွင့်ပြုလုပ်ငန်းများမှ အပ အခြား စက်မှုလုပ်ငန်းများလုပ်ကိုင်ခြင်း မပြုရ[51] နှင့် အပိုဒ် ၆၃ တွင် မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို စုပေါင်းစနစ်ဖြင့် သန့်စင်စွန့်ပစ်ခြင်းမရှိသော စက်မှုဇုန်များ၌ မိမိအစီအစဉ်ဖြင့် သန့်စင်စွန့်ပစ်ရန် ပျက်ကွက်ခြင်းမရှိစေရ ဟုဖော်ပြထားပါသည်။ [52] အပိုဒ် ၇ဝ ပြစ်ဒဏ်များ အခန်းတွင် အပိုဒ် ၆၂ နှင့် ၆၃ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်သိန်းနှစ်ဆယ်ချမှတ်ရမည့် အပြင် ခြောက်လ ထက်မပိုသော ထောင်ဒဏ်လည်း ချမှတ်နိုင်သည်။ [53]

၃၂။ အပိုဒ် ၆၅ ၌ မည်သည့်ရင်းနှီးမြှုပ်နှံသူမျှ နိုင်ငံခြားသား ကျွမ်းကျင်အလုပ်သမားနှင့် ပညာရှင်များ ခန့်ထားရေးဆိုင်ရာ အထောက်အထားများကို သက်ဆိုင်ရာဌာနများသို့ တင်ပြရာတွင် မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန် ဖော်ပြခြင်း သို့မဟုတ် ထိမ်ချန်ခြင်းမပြုရ [54]ဟု ဖော်ပြ

[46] အပိုဒ် ၆၈၊ အခန်း(၁၉)၊ ပြစ်ဒဏ်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၆-၅-၂ဝ၁၉၊ စာ- ၂၂။
[47] အပိုဒ် ၆ဝ၊ အခန်း(၁၈)၊ တားမြစ်ချက်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊၅-၅-၂ဝ၁၉၊ စာ- ၂၂။
[48] အပိုဒ် ၆၁၊ အခန်း(၁၈)၊ တားမြစ်ချက်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊၆-၅-၂ဝ၁၉၊ စာ- ၂၂။
[49] အပိုဒ် ၆၄၊ အခန်း(၁၈)၊ တားမြစ်ချက်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊၆-၅-၂ဝ၁၉၊ စာ- ၂၂။
[50] အပိုဒ် ၆၉၊ အခန်း(၁၉)၊ ပြစ်ဒဏ်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၆-၅-၂ဝ၁၉၊ စာ- ၂၂။
[51] အပိုဒ် ၆၂၊ အခန်း(၁၈)၊ တားမြစ်ချက်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၆-၅-၂ဝ၁၉၊ စာ- ၂၂။
[52] အပိုဒ် ၆၃၊ အခန်း(၁၈)၊ တားမြစ်ချက်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၆-၅-၂ဝ၁၉၊ စာ- ၂၂။
[53] အပိုဒ် ၇ဝ၊ အခန်း(၁၉)၊ ပြစ်ဒဏ်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၆-၅-၂ဝ၁၉၊ စာ- ၂၂။
[54] အပိုဒ် ၆၅၊ အခန်း(၁၈)၊ တားမြစ်ချက်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၆-၅-၂ဝ၁၉၊ စာ- ၂၂။

ထားပြီး အပိုဒ် ၇၁ ပြစ်ဒဏ်များအခန်းတွင် မည်သူမဆို အပိုဒ် ၆၅ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်နှစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည် ဟု ဖော်ပြထားပါသည်။[55]

၃၃။ **အခန်း(၂၀) အထွေထွေ** အခန်းတွင် အပိုဒ် ၉ ခု နှင့် အပိုဒ်ခွဲ ၃ ခု ပါရှိပါသည်။ အပိုဒ် ၇၅ တွင် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် ဤဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာကော်မတီဝင်များကို ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။ [56] အပိုဒ် ၇၆ တွင် ဗဟိုကော်မတီသည် စက်မှုဇုန် အတွင်းရှိ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း နိုင်ငံပိုင်သိမ်းယူခြင်းမှ အကာအကွယ်ပေးရမည်။ [57]အပိုဒ် ၇၇ တွင် တာဝန်ခံ ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံရမည်။[58]

## အခန်း (၃)

## စက်မှုဇုန်ဥပဒေကြမ်းအပေါ် အမျိုးမျိုးသော အမြင်များ

၃၄။ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဘဏ္ဍာရေး စီမံကိန်းနှင့်စီးပွားရေး ကော်မတီ အတွင်းရေးမှူး ဦးကျော်ဇေယျက-

"စက်မှုဇုန်မြေကွက်ရတာနှင့် ခြောက်လအတွင်း အကောင်အထည်ဖော်ရမည်၊ အကောင်အထည်မဖော်လျှင် ငွေဒဏ်အပြင် ထောင်ဒဏ်ပါ ပါသည့် အတွက် မဖြစ်နိုင်ကြောင်း၊ အချိန်ကာလနည်းကြောင်း၊ တစ်နှစ်တန်သည် တစ်နှစ်ခွဲတန်သည် အချိန်ပေးစေချင်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် မှတ်ပုံတင်လျှင် ကြာမည်ဖြစ်ပါကြောင်း၊ ယင်းဥပဒေမူကြမ်းတွင် သဟဇာတမဖြစ်သည့် အချက်အလက်များပါကြောင်း" ပြောကြားခဲ့ပါသည်။[59]

၃၅။ တရားလွှတ်တော်ချုပ်ရှေ့နေ ဦးစည်သူကျော်က -

"ယင်းဥပဒေကြမ်းသည် မူကြမ်းပဲ ရှိနေသေး၍ အတည်ပြုပြီး ထုတ်ပြန်ဖို့ လိုအပ်နေသေးကြောင်း၊ ပြည်သူများ၏ အကြံပြုချက်များကို ထည့်သွင်းရေးဆွဲဖို့ရှိနေကြောင်း၊ နိုင်ငံအတွက် အမြန်ဆုံး ပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ရန် လိုအပ်သည့် ဥပဒေဖြစ်ကြောင်း၊ အရင်ခေတ်က စက်မှုဇုန်မြေများကို လက်သင့်ရာ ပေးခဲ့ကြကြောင်း၊ စက်မှုဇုန်မြေ အတော်

[55] အပိုဒ် ၇၁၊ အခန်း(၁၉)၊ ပြစ်ဒဏ်များ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၆-၅-၂၀၁၉၊ စာ- ၂၂။
[56] အပိုဒ် ၇၅၊ အခန်း(၂၀)၊ အထွေထွေ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၆-၅-၂၀၁၉၊ စာ- ၂၂။
[57] အပိုဒ် ၇၆၊ အခန်း(၂၀)၊ အထွေထွေ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၆-၅-၂၀၁၉၊ စာ- ၂၂။
[58] အပိုဒ် ၇၇၊ အခန်း(၂၀)၊ အထွေထွေ၊ စက်မှုဇုန်ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၆-၅-၂၀၁၉၊ စာ- ၂၂။
[59]ယဉ်ပပထွန်း၊ မြန်မာတိုင်းမ်နေ့စဉ်၊ စက်မှုဇုန်ဥပဒေမူကြမ်း၌ ပါရှိသည့် စက်မှုဇုန်မြေများခြောက်လအတွင်း အကောင်အထည်ဖော်ရမည့်အချက်သဟဇာတမဖြစ်၊ ၁၈-၅-၂၀၁၉

များများသည် အမှန်တကယ် လုပ်ငန်းမလုပ်သည့်သူများသာ ပိုင်ဆိုင်ထားပြီး မြေဈေးကွက်များကို ကစားခဲ့သည့် အတွက် အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်နေကြောင်း၊ အစိုးရအဆက်ဆက် လုပ်ငန်း မလုပ်သည့်စက်မှုဇုန်မြေများကို ပြန်လည်သိမ်းဆည်းရန် စီစဉ်ကြပေမဲ့ ဥပဒေမရှိသည့် အတွက် ထိထိရောက်ရောက်လုပ်ဆောင်နိုင်တာမျိုး မရှိခဲ့ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီး သည်နှင့် ထိထိရောက်ရောက်အရေးယူ ဆောင်ရွက်နိုင်မှသာ ဥပဒေသည်လည်း အသက်ဝင်လာမည် ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။[60]

၃၆။ Smart Smooth Industrial တည်ထောင်သူ ဦးဇော်ဇော်က –

"မိမိ၏စက်ရုံမှ ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်သည့် စက်များ တပ်ဆင်ရောင်းချနေပါကြောင်း၊ စက်ရုံအဆောက်အဦနှင့် စက်မှုဇုန်မြေနေရာကို မိမိမပိုင်ဆိုင်ပါကြောင်း၊နှစ်ချုပ်နှင့်ငှားထားရပါကြောင်း၊ စက်မှုလုပ်ငန်းတစ်ခုကို SME အနေနှင့် စတင်မည်ဆိုလျှင် မြေငှားခ၊ အဆောက်အဦ ငှားခများ ရင်းနှီးမြှုပ်နှံရန် အရင်စဉ်းစားရပါကြောင်း၊ မိမိနှင့်ဘဝတူ SME လုပ်ငန်းရှင်အများစုသည် စက်မှုဇုန်မြေနှင့် အဆောက်အဦများကို ပိုင်ဆိုင်မှု မရှိကြတာများပါကြောင်း၊ ဥပဒေထွက်ပေါ်လာပြီး အမှန်တကယ် လုပ်ငန်းလုပ်သည့် သူများသည် မြေပိုင်ဆိုင်ခွင့်ရှိ လာမည်ဆိုလျှင် ထိုဥပဒေကို ကြိုဆိုပါကြောင်း" ပြောကြားခဲ့ပါသည်။[61]

**နိဂုံး**

၃၇။ စက်မှုဇုန်လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန်၊ စက်မှုဇုန်များကို နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ မူဘောင်များနှင့်အညီ စနစ်တကျ စီမံထူထောင်၍ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်စေရန်၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြင့်လာစေပြီး နိုင်ငံသားများ၏ လူနေမှုအဆင့်မြင့်မားလာစေရန် နှင့် စက်မှုလုပ်ငန်းများကြောင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု လျော့နည်းစေရန် ရည်ရွယ်၍ စက်မှုဇုန်ဥပဒေကြမ်းကို ရေးဆွဲတင်ပြခြင်းဖြစ်ပါသည်။

[60] ဘာကြောင့်စက်မှုဇုန်မြေဈေးမကျတာလဲ၊ Available from: https://elevenmyanmar.com/news/3691, [Viewed 3–5–2019]
[61] Ibid

## သတိပြုရန် အချက်များ

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကိုဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီနောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များ လိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင်ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးမည် ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန်မဟုတ်ပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနနှင့်လေ့ကျင့်ရေးဌာနခွဲအား လာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်-


သုတေသနနှင့်လေ့ကျင့်ရေးဌာနခွဲ

ဗမ္ဗူသီရိဆောင် - ပထမထပ်
တယ်လီဖုန်း - ၀၆၇-၅၉၁၂၇၆
၀၆၇-၅၉၁၄၁၇

dd.research@pds.hluttaw.net